EMReF
Enlightened Myanmar Research Foundation

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အမှတ် (၂၇)၊ မတ် ၂၁ ရက်၊ ၂၀၁၇

## မုံရွာ ဝါကြိတ်စက်ရုံငှားရမ်းခြင်းစာချုပ် ဖျက်သိမ်း၍ အဆောက်အအုံတည်ဆောက်မှု ရပ်တန့်ရန် အဆိုကို စစ်ကိုင်းလွှတ်တော်အတည်ပြု

မတ်လ ၁၇၊ ၂၀၁၇

မုံရွာမြို့ ချမ်းမြဝတီရပ်ကွက် ကျောက္ကာလမ်းဘေးရှိ ဝါကြိတ်စက်ရုံကို ငှားရမ်းခြင်းစာချုပ်ဖျက်သိမ်း၍ အဆောက်အအုံများဆောက်လုပ်မှုရပ်တန့်ပေးရန်အဆိုကို စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်က အတည်ပြုဆုံးဖြတ်သည်။

မတ်လ ၁၄ ရက်က တိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် တိုင်းဒေသကြီးကိုယ်စားလှယ် ဒေါ်အမာကြည် (မုံရွာမဲဆန္ဒနယ်-၁)၏အဆိုကို လွှတ်တော်ကိုယ်စားလှယ်ငါးဦးက ထောက်ခံဆွေးနွေးပြီး လွှတ်တော်အဆုံးအဖြတ်ရယူကာ အတည်ပြုခဲ့သည်။

"မုံရွာဝါကြိတ်စက်ရုံနဲ့ ပတ်သက်ပြီးတော့ ပုဂ္ဂလိကကုမ္ပဏီကို ငှားရမ်းစဉ်ကတည်းက မုံရွာပြည်သူတွေအားလုံးက စိတ်မချမ်းမမြေ့ ဖြစ်ကြရပါတယ်။ ကိုယ်စားလှယ်လောင်းအဖြစ် ရွေးချယ်ခံစဉ်ကစပြီး မုံရွာပြည်သူတွေက ဝါကြိတ်စက်ရုံကို ပြည်သူအများ ရွေးချယ်တင်မြှောက်တဲ့အစိုးရက စီမံခန့်ခွဲမှုကို အလိုရှိကြပါတယ်။ ဒီအဆိုကို ကျွန်မတို့တွေ့တိုင်း တောင်းဆိုကြပါတယ်။ အကယ်၍ ဒီအဆိုက တိုင်းဒေသကြီးလွှတ်တော်မှာ အတည်ပြုချက်ရရှိမယ်ဆိုရင် ကျွန်မတို့တိုင်းဒေသကြီးအစိုးရအဖွဲ့က မုံရွာမြို့ပြည်သူတွေနဲ့ နိုင်ငံ့အကျိုးအတွက် ဘဏ္ဍာငွေတိုးတက်ရရှိလာအောင် စီမံခန့်ခွဲဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဒီစာချုပ်က ပြည်ထောင်စုအဆင့်က ချုပ်ဆိုခဲ့သော်လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ စီမံခန့်ခွဲမှုအောက်မှာရှိတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော်ကနေ အတည်ပြုချက်ရရှိမှာ ဖြစ်ပါတယ်"ဟု ဒေါ်အမာကြည်က ပြောကြားသည်။

အဆိုကို လွှတ်တော်သဘောထားရယူရာတွင် လွှတ်တော်၌ တက်ရောက်သူ ၉၆ ဦး ရှိသည့်အနက် အတည်ပြုရန် ဆန္ဒပြုသူ ၆၇ ဦး၊ မှတ်တမ်း အဖြစ် ထားရှိရန် ဆန္ဒပြုသူ တစ်ဦး၊ ကြားနေ ၂၆ ဦးရှိသည်။

မုံရွာမြို့ ချမ်းမြသာစည်ရပ်ကွက် ကျောက္ကာလမ်းဘေးရှိ ဝါကြိတ်စက်ရုံ မြေနေရာသည် ၉ ဒသမ ၇၈ ဧက ကျယ်ဝန်းပြီး ပင်မစက်ရုံ၊ ဂိုဒေါင်ပါ အဆောက်အအုံ ၃၄ လုံးကို ၂၀၁၂ ဇူလိုင် ၄ ရက် တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ Thein Min Industry Group Co.,Ltd သို့ ငှားရမ်းခဲ့သည်။

၂၀၁၅ ဒီဇင်ဘာ ၁၀ ရက် တွင် ပြင်ဆင်ချုပ်ဆိုသော စာချုပ်အရ တစ်နှစ်လျှင် ကျပ် ၃၄၃ သိန်းဖြင့် ငှားရမ်းသဘောတူညီခဲ့၍ တစ်လလျှင် ကျပ် ၂၈ ဒသမ ၅၈ သိန်း သတ်မှတ်ခဲ့သည်။ မုံရွာမြို့ ကျောက္ကာလမ်းဘေး မြို့လယ်တိုက်တစ်လုံး၏ ငှားရမ်းခကာလပေါက်ဈေးသည် တစ်လလျှင် ကျပ်သိန်း ၃၀ ခန့်ရှိနေသဖြင့် စက်ရုံငှားရမ်းခမှာ လွန်စွာနည်းပါးနေကြောင်း ဒေါ်အမာကြည်၏အဆိုတွင် ဖော်ပြပါရှိသည်။

(ကိုးကား - http://www.7daydaily.com/)

## သတင်းတို

■ ရှမ်းပြည်နယ်လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးကို မတ်လ ၂၀ ရက်တွင် စတင် ကျင်းပမည်ဖြစ်သည်။

"ပုံမှန် အစည်းအဝေးပဲဆိုတော့ ထူးခြားတဲ့တင်ပြချက်တွေ ပါလာမယ်လို့တော့ မထင်ထားပါဘူး။ အန်တီတို့ပါတီဘက်က ကိုယ်စားလှယ်တွေအနေနဲ့ ဒီပုံမှန်အစည်းအဝေးမှာ တင်ပြဆွေးနွေးဖို့ အကြောင်းအရာတွေ မရှိသေးပါဘူး"ဟု ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ သီနီမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီက ပြောသည်။

(ကိုးကား - http://www.7daydaily.com/)




■ မကွေးတိုင်းဒေသကြီး လွှတ်တော်အဆောက်အအုံသစ် တည်ဆောက်ရန် ကုမ္ပဏီ ၃၇ ခု အဆိုပြုလွှာ လျှောက်ထားခဲ့ကြောင်း မကွေးတိုင်းဒေသကြီး လွှတ်တော်ဒု-ဥက္ကဋ္ဌဦးဇော်မျိုးဂင်းက ပြောသည်။ "ဝင်ရောက်ယှဉ်ပြိုင်မယ့် ကုမ္ပဏီတွေရဲ့ Profile ကို တင်ပြစေပြီး စိစစ်တာဖြစ်တယ်။ သူတို့ရဲ့ Profile Technical Proposal တွေကို ကြည့်မယ်။ စိစစ်မယ်။ ပြီးရင် အခုလကုန် (မတ်လ)မှာ ရွေးချယ်တဲ့ ကုမ္ပဏီတွေကို ထုတ်ပြန်မယ်။ အဲဒီမှာ ရွေးချယ်ခံရတဲ့ ကုမ္ပဏီတွေကသာ ဒုတိယအဆင့်အနေနဲ့ လွှတ်တော်အဆောက်အအုံ တည်ဆောက်မယ့် စီမံကိန်းတင်ဒါကို ဝင်ပြိုင်ခွင့်ရမှာဖြစ်တယ်"ဟု ဦးဇော်မျိုးဂင်းက ပြောသည်။

(ကိုးကား - http://www.7daydaily.com/)

# ရောဝတီတိုင်းအစိုးရအနေဖြင့် လွှတ်တော်၏ဆုံးဖြတ်ချက်များအပေါ် လေးစားလိုက်နာမှု အားနည်းနေကြောင်း တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ဝေဖန်

မတ်လ ၁၉၊ ၂၀၁၇

ရောဝတီတိုင်းအစိုးရအနေဖြင့် လွှတ်တော်၏ဆုံးဖြတ်ချက်များအပေါ် လေးစားလိုက်နာမှု အားနည်းနေကြောင်း တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက ဝေဖန်ပြောကြားသည်။

လွှတ်တော်၏ ဆုံးဖြတ်ချက်များအား တစ်နှစ်တာ ကာလအတွင်း ရောဝတီတိုင်းအစိုးရ၏ အကောင်အထည်ဖော်မှုအပေါ် လွှတ်တော်ကိုယ်စားလှယ်များ၏ အမြင်ကို Daily Eleven သတင်းစာမှ မေးမြန်းခဲ့ရာ ထိုသို့ သုံးသပ်ပြောကြားခဲ့ကြခြင်းဖြစ်သည်။

**ဦးသော်ဇင်ဝင်း (ကြံခင်းမဲဆန္ဒနယ် -၁)**

“အခုတစ်နှစ်အတွင်းမှာဆိုရင် လွှတ်တော်မှာတင်ပြခဲ့တဲ့ အဆိုတွေရှိတယ်။ မေးခွန်းတွေရှိတယ်။ ဒီမေးခွန်းတွေ၊ အဆိုတွေအပေါ်မှာ အစိုးရက လေးစားလိုက်နာပြီးတော့ အကောင်အထည်ဖော်၊ အကောင်အထည်ဖော်တယ်ဆိုတာ Cabinet မှာထည့်ပြီး ဆုံးဖြတ်တဲ့ ဆုံးဖြတ်ချက်ချတာမျိုး မတွေ့ရသလောက် နည်းနေတယ်။ ဒါဟာ အစိုးရအနေနဲ့ လွှတ်တော်ရဲ့ ဆုံးဖြတ်ချက်တွေကို လေးစားလိုက်နာမှု အားနည်းတယ်လို့ သုံးသပ်ရမယ့် အခြေအနေပါ။”ဟု ပြောကြားသည်။

ရောဝတီတိုင်းလွှတ်တော်၌ ထင်ရှားသည့် အဆိုတစ်ခုဖြစ်ခဲ့သည့် မြေကြီးမြေပုံမှန်ကန်စွာ ပုံစံ(၇)ထုတ်ပေးရေး အစိုးရအားတိုက်တွန်းကြောင်းအဆိုမှာ အောင်မြင်ခဲ့သော်လည်း ယနေ့အချိန်ထိ မြေကြီးမြေပုံမှန်ကန်မှု မရှိသေးကြောင်း၊ အစိုးရအနေဖြင့် အဆိုအား အထောက်အပံ့ဖြစ်စေရန် ၂၀၁၇-၁၈ ဘတ်ဂျက်တွင် ဝန်ထမ်းအင်အားသော်လည်းကောင်း၊ အခြားလုပ်ငန်းဖော်ဆောင်မှုသော်လည်းကောင်း ငွေလုံးငွေရင်းသုံးစွဲမှုများတွင် ထည့်သွင်းရေးဆွဲထားခြင်းမရှိသည်ကို လွှတ်တော်မှ စိစစ်တွေ့ရှိရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ဒေါ်မြင့်မြင့်စန်း(ဝါးခယ်မ မဲဆန္ဒနယ် -၂)**

“မေးခွန်းမေးတဲ့သူတွေ၊ အဆိုရှင်တွေက ကိုယ်မေးလိုက်တာ အောင်မြင်သွားပြီဆိုရင် ဒါတော့ အကောင်အထည်ဖော်ပေးတော့မှာပဲဆိုပြီး မျှော်လင့်ချက်၊ ပြည်သူတွေကလည်း ကိုယ်စားလှယ်တော့ မေးပေးသွားပြီ အကောင်အထည်ဖော်ပေးတော့မှာပဲဆိုပြီး မျှော်လင့်ချက်နဲ့နေကြတယ်။ တကယ်တမ်း အကောင်အထည်ဖော်လား၊ မဖော်လားတော့ မြေပြင်မှာ ဆင်းကြည့်သင့်တယ်။ အကောင်အထည်ဖော်မှု အားနည်းနေသေးတယ်”ဟု ဝေဖန်ပြောကြားသည်။

**ဒေါ်နီနီမိုး (ညောင်တုန်း မဲဆန္ဒနယ်-၁)**

“အစ်မတို့မေးခဲ့တဲ့ မူးယစ်ဆေးဝါးနဲ့ ပတ်သက်တဲ့ မေးခွန်းတွေ၊ အရက်ချက်စက်ရုံနဲ့ပတ်သက်တဲ့ မေးခွန်းတွေဆိုတာ အဲဒီအချက်အလက်တွေကို အတိအကျကို လိုက်ရှာရတယ်။ လူထုထဲကိုဝင်ပြီး လူထုတွေနဲ့ပူးပေါင်းပြီး အတိအကျရှာရတယ်။ အရမ်းအန္တရာယ်များတယ်။ ဒါပေမဲ့ အစ်မတို့မေးလိုက်တဲ့ မေးခွန်းတွေက နောက်ပိုင်းမှာ ဘာမှဖြစ်မလာတာတွေ တွေ့နေရတယ်။ ဘာမှအသက်မဝင်တာ တွေ့ရတယ်” ဟု ပြောကြားသည်။

**ဒေါ်စုစုအောင် (မြန်အောင်မဲဆန္ဒနယ်-၂)**

လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူများအား ကိုယ်စားပြုကာ ဆောင်ရွက်ခဲ့မှုအပေါ် အစိုးရအနေဖြင့် အလေးထားကိုင်တွယ်မှု အားနည်းနေကြောင်း၊ ထိုသို့ဖြစ်ပေါ်နေခြင်းမှာ ယခင်အစိုးရ၏ ဆိုးမွေကောင်းမွေကို ခံစားနေရခြင်းနှင့် ဌာနဆိုင်ရာအချို့တို့၏ ပူးပေါင်းမှုမရှိခြင်းတို့ကြောင့် ဖြစ်နိုင်သည်ဟု ယူဆကြောင်း သုံးသပ်ပြောကြားသည်။

**လျှပ်စစ်၊ စက်မှုလက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းဌေး (ရောဝတီတိုင်းအစိုးရ၏ ပြောရေးဆိုခွင့်ရှိသူ)**

“လွှတ်တော် ကတိကဝတ်၊ လွှတ်တော်အဆို ဒါတွေက အရေးကြီးပါတယ်။ ကျွန်တော်တို့ အစိုးရအဖွဲ့အနေနဲ့ ဝန်ကြီးဌာနတစ်ခုချင်းမှာ ရုံးပိုင်းဆိုင်ရာ စာရင်းပြုစုထားတာတွေ ရှိပါတယ်။ စာရင်းပြုစုပြီး ဘယ်ဟာဘယ်အဆင့်ရောက်နေပြီ၊ ဘယ်အဆို ဘယ်ကတိကဝတ်ကတော့ ပြီးသွားပြီ၊ ဘယ်ဟာတော့ ကျန်နေတယ်။ ဘာကြောင့် ကျန်နေသေးတယ်ဆိုတာ စာရင်းဇယား အတိအကျနဲ့ လုပ်နေပါတယ်”ဟု ဖြေကြားသည်။

*(ကိုးကား - အောင်ကျော်မျိုး (ဟသ်ာတ) http://www.news-eleven.com/)*

# ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့များ ဥပဒေကို ပြင်ဆင်ဖြည့်စွက်ရန် ကြိုးပမ်း

မတ်လ ၁၇၊ ၂၀၁၇

အစိုးရသစ်လက်ထက် ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီက ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့ဥပဒေကို ပြင်ဆင်ရေးဆွဲရန် ကြိုးပမ်းနေကြောင်း သိရသည်။

ကယားပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့ဥပဒေ၏ အားနည်းချက်၊ လိုအပ်ချက်များကို တွေ့ရှိခဲ့ပြီးနောက် ပြန်လည်ပြင်ဆင်ရန် စတင်လုပ်ဆောင်နေခြင်း ဖြစ်သည်။

ပြန်လည် ပြင်ဆင်ရေးဆွဲထားသော ဥပဒေများကို ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် ကျင်းပသော ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယမြောက်နေ့အစီအစဉ်တွင် ဥပဒေပြုရေးဆိုင်ရာကော်မတီက ပြင်ဆင်ရေးဆွဲထားသောဥပဒေနှင့်ပတ်သက်သည့် အဆိုပါအစီရင်ခံစာကို တင်သွင်းဖတ်ကြားခဲ့သည်။

စည်ပင်သာယာရေးနှင့် သက်ဆိုင်သော အစိုးရတာဝန်ရှိသူများ၊ ပြည်နယ်ဥပဒေချုပ်နှင့် လွှတ်တော်ကော်မတီအဖွဲ့ဝင်များ တွေ့ဆုံကာ ပြင်ဆင်ထားသော ဥပဒေများကို ပြန်လည်သုံးသပ် အတည်ပြုမည်ဖြစ်ပြီး သုံးသပ်ချက်များထွက်လျှင် လွှတ်တော်အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသွားမည်ဟု သိရသည်။

၂၀၁၃ ခုနစ်တွင် ကယားပြည်နယ်လွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းခဲ့သော ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့များဥပဒေအား ပြင်ဆင်သည့်ဥပဒေအဖြစ် ပြဋ္ဌာန်းအတည်ပြုရန် စည်ပင်သာယာရေးအဖွဲ့များဥပဒေ အခန်း (၃ ၊၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၁) အတွင်းရှိ ပုဒ်မ၊ ပုဒ်မခွဲများအား အခန်းလိုက် ပြင်ဆင်ဖြည့်စွက်ချက်များ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

*(ကိုးကား - ကန္တရဝတီ - http://burmese.bnionline.net/)*

---

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ကျင်းပမည်

မတ်လ ၂၀၊ ၂၀၁၇

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးကို မတ်လ ၂၀ ရက်နေ့တွင် စတင်ကျင်းပမည်ဖြစ်သည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)အား တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေမှ တင်သွင်းမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ၉ ဦးတို့မှ ကြယ်ပွင့်ပြမေးခွန်း ၁၁ ခု မေးမြန်းသွားမည်ဖြစ်ရာ ဒေါ်ရီရီထိုက် (ဝေါမဲဆန္ဒနယ်-၂)က တရားစီရင်ရေးနှင့် စပ်လျဉ်း၍ မေးခွန်း ၂ ခု မေးမြန်းသွားမည် ဖြစ်သည်။

"မြို့နယ်များတွင် စုံခုံအဖွဲ့များ စစ်ဆေးသောအခါ ဘက်လိုက်မှုကင်းပြီး တရားမျှတသော စုံခုံအဖွဲ့များ ပေါ်ပေါက်လာစေရေး စီမံဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ"၊ "မြို့နယ်တရားရုံးတွင် အမှုတွဲများ တင်ပြခြင်းနှင့် အာမခံလုပ်ဆောင်လျှင် ငွေကြေးများ မြောက်မြားစွာပေးနေရခြင်း"နှင့် စပ်လျဉ်းသည့်မေးခွန်းများကို တင်ပြသွားမည်ဟု သိရသည်။

တိုင်းဒေသကြီးလွှတ်တော်၏ဥပဒေပြုရေးကော်မတီ၊ တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာကော်မတီ၊ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့်ပြည်သူ့ငွေစာရင်းကော်မတီတို့အား ပြင်ဆင်ဖွဲ့စည်းရန် လွှတ်တော်သို့ တင်ပြ၍ အတည်ပြုချက်ရယူမည်ဖြစ်သည်။

*(ကိုးကား - Bago Region Hluttaw Facebook Page)*

---

# ရန်ကုန်တိုင်းလွှတ်တော်တွင် YBS၊ အမှိုက်ကား၊ မီတာခ၊ ညဈေးကိစ္စများ ဆွေးနွေးမည်

မတ် ၁၇၊ ၂၀၁၇

သုံးလကျော်ကြာ ရပ်နားထားသည့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်သည် မတ်လ ၂၀ ရက်နေ့တွင် ပြန်လည်ကျင်းပမည်ဖြစ်သည်။

စည်ပင်ကဝယ်ယူသည့် အမှိုက်သိမ်းကားကိစ္စအတွက်လည်း လွှတ်တော်သို့မေးခွန်းများ တင်ထားသော်လည်း ခွင့်ပြုမည်၊ မပြုမည်ကို မသိရကြောင်း ဦးကျော်ဇေယျက ဆိုသည်။ အမှိုက်သိမ်းကားမှာ မူရင်းတန်ဖိုးထက် ဈေးနှုန်းကြီးမြင့်စွာပေးချေခဲ့ရကြောင်း ဝေဖန်မှုများရှိခဲ့သော်လည်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင် ဒေါ်လှိုင်မော်ဦးက မဟုတ်မှန်ကြောင်း ငြင်းဆိုထားသည်။

ပြီးခဲ့သည့်လပိုင်းအတွင်း ရန်ကုန်တိုင်းဝန်ကြီးချုပ် အစီအမံဖြင့် ပြုလုပ်ခဲ့သည့် YBS ကိစ္စတွင်လည်း ခရီးသည်များ အဆင်ပြေမှုမရှိဘဲ လက်ရှိတိုင် ဆိုးကျိုးများခံစားနေရဆဲဖြစ်သည်။ "နောက်သုံးလကြာရင်ကတ်စနစ်လုပ်မယ်ပြောပေမယ့် ကားတောင်မလောက်ဘူးဖြစ်နေတယ်။ လုပ်ရင် ပီပီပြင်ပြင်လုပ်၊ မဟုတ်ရင် ကိုယ်စားလှယ်တွေပါ နာမည်ပျက်တယ်။ ပြောသလို မလုပ် နိုင်ရင် နောက်နောင် ပြည်သူကအယုံအကြည်မဲ့တယ်။ အခုက ကားခတွေပိုတက်၊ ပိုဆိုးလာတယ်"ဟု လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ထွန်းက မှတ်ချက်ပြုသည်။ ပြည်ပမှခရီးသည် တင်ယာဉ်များမှာယူထားသော်လည်း လက်ရှိ ၂၀၁၇ နှစ်ကုန်မှရောက်ရှိမည်ဟု ကြားသိရကြောင်း ၎င်းကဆိုသည်။

ယခုဘဏ္ဍာနှစ်မှစ၍ မီတာခတက်မည်ဆိုသည့် သတင်းများမှာလည်း မတ်လဆန်းအတွင်း ထွက်ပေါ်ခဲ့သေးသည်။ ယင်းကိစ္စမှာလည်း လွှတ်တော်တွင် ဆွေးနွေးဖွယ်ကိစ္စများဖြစ်လာမည်ဟု တိုင်းလွှတ်တော်ကိုယ်စားလှယ်များက ဆိုသည်။

*(ကိုးကား - The Voice Daily မှ ကောက်နုတ်တင်ပြသည်)*